Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

**Swiss Agency for Development and Cooperation SDC**

UNIVERSITÄT BERN
CDE CENTRE FOR DEVELOPMENT AND ENVIRONMENT

# OneMap Myanmar Project

# (မြန်မာအမျိုးသားမြေပုံစနစ် တည်ထောင်ခြင်းစီမံကိန်း) ဆိုင်ရာအချက်အလက်များ အား တင်ပြခြင်း

SuZeeYar 2016
MYANMAR SPATIAL DATA PLATFORM CONFERENCE

ဒေါက်တာမြတ်စုမွန်
လက်ထောက်ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန

# ဘာကြောင့် မြေအသုံးချမှုဆိုင်ရာကိန်းဂဏန်းအချက်အလက်များ၊ မြေပုံများ ကို လွတ်လွတ်လပ်လပ် ရရှိရန်၊ သိရှိရန်၊ လက်ကိုင်ပြု အသုံးပြုနိုင်ရန် လိုအပ်နေပါသလဲ ?????

**နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး**


↑

မြေအသုံးချမှု၊ မြေနှင့်ဆိုင်သောစီမံအုပ်ချုပ်မှု၊ မြေနှင့်ဆိုင်သောမူဝါဒများ၊
အုပ်ချုပ်မှုအလေ့အကျင့်ကောင်းများဖော်ဆောင်ရန်နှင့်
မှန်ကန်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန်

↑

မြေပြင်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များ၊
မြေပုံများ

ပြည့်စုံသော မှန်ကန်တိကျသော မြေအသုံးချမှုဆိုင်ရာသတင်းအချက်အလက်များ ကိန်းဂဏန်းများ၊ မြေပုံများ ကို လွတ်လွတ်လပ်လပ် ရရှိရန်၊ သိရှိရန်၊ လက်ကိုင်ပြု အသုံးပြုနိုင်ရန် ဘယ်လိုဆောင်ရွက်သင့်ပါသလဲ ?????



# OneMap Myanmar  Project အစပြုခြင်း

- ကွင်းဆင်းအတည်ပြုပြီးဖြစ်သည့် တိကျမှန်ကန်သော မြေအသုံးချမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ မြေအသုံးချမှု အခြေအနေပြမြေပုံများ၊ မြေအသုံးချစီမံခန့်ခွဲမှုများ ရေးဆွဲ အကောင်အထည် ဖော်ရန် လိုအပ်လျက်ရှိ၊
- ဌာနဆိုင်ရာများ၏ မြေပုံ နှင့် မြေပြင်ဆိုင်ရာ ကိန်းဂဏန်းများ ကောက်ယူသည့် နည်းစနစ်များ၊ ကိန်းဂဏန်းစုစည်းမှု၊ မြေပုံထုတ်လုပ်သည့်စနစ် အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားချက်များကြောင့် ပြန်လည်မျှဝေ အသုံးပြုရန် အခက် အခဲများရှိနေ၊
- ပြည့်စုံသော၊ မှန်ကန်တိကျသော၊ ပွင့်လင်းမြင်သာမှုရှိသော မြေအသုံးချမှု အချက်အလက်များ လိုအပ် လျက်ရှိနေ၊

# OneMap Myanmar (မြန်မာအမျိုးသားမြေပုံစနစ်)

- လက်ရှိ ကြုံတွေ့နေရသော အခက်အခဲများအား ကျော်လွှား နိုင်ရန် OneMap Myanmar စီမံကိန်းအား ဆောင်ရွက်မည်ဖြစ်၊
- နေရာဒေသနှင့် သက်ဆိုင်သော မြေပြင် သတင်း အချက်အလက်များ (Spatial Data/ Information) ကို စုစည်း၍ ပြည်သူလူထု အားလုံး အသုံးပြုနိုင်ရေး အတွက် အင်တာနက် ကွန်ယက် မှတဆင့် ပြန်လည် ဖြန့်ဝေရန် စီမံခြင်း အစီအစဉ် တစ်ခု၊

# မြန်မာအမျိုးသားမြေပုံစနစ်တည်ထောင်ခြင်း ယေဘူယျသဘောတရား

## မြန်မာအမျိုးသားမြေပုံစနစ်

- မြေပြင်ဆိုင်ရာ ကိန်းဂဏန်းများ၊ သတင်း အချက် အလက်များ၊ မြေကြီးမြေပုံများဖွံ့ဖြိုးတိုးတက်စေခြင်း၊
- အဆိုပါအချက်အလက်များကို အင်တာနက်ကွန်ယက်မှတဆင့်အခမဲ့ လွတ်လပ်စွာဖြန့်ဝေခြင်း၊
- မြေယာကဏ္ဍဆိုင်ရာလုပ်ငန်းများ အတွက် အချက်အလက်များ၊ မြေပုံများအားရေးဆွဲပြင်ဆင်နိုင်ခြင်း။

## မြေသယံဇာတများ

- မူဝါဒ
- ဥပဒေ
- တရားဥပဒေစီရင်ပြဋ္ဌါန်းခြင်းများ
- အစီအမံများချမှတ်ခြင်း
- စီမံအုပ်ချုပ်ခြင်း

# OneMap Myanmar စီမံကိန်း ၏ ရည်ရွယ်ချက် များ

- မြေအသုံးချစီမံအုပ်ချုပ်မှုနှင့် ဆက်စပ်ပတ်သက်နေသော အစိုးရ ဌာန များ၏ မြေပြင်ဆိုင်ရာ ကိန်းဂဏန်းများ၊ သတင်း အချက် အလက်များ ကောက်ယူစုစည်းခြင်း၊ အတည်ပြုခြင်း နှင့် မြေပုံ ထုတ်လုပ်ခြင်း တို့တွင် နည်းပညာ ဖွံ့ဖြိုးတိုးတက် စေရန်၊
- တိကျခိုင်မာသည့် မြေပြင်ဆိုင်ရာကိန်းဂဏန်းများ၊ သတင်း အချက် အလက် များ ရရှိနိုင်ရန်၊
- မြေအသုံးချစီမံအုပ်ချုပ်မှု နှင့် ဆက်စပ်ပတ်သက်နေသော ဝန်ကြီး ဌာန များ၊ အဖွဲ့အစည်းများသည် တိကျခိုင်မာသည့် မြေပုံနှင့် မြေပြင်ဆိုင်ရာ ကိန်းဂဏန်း များ၊ သတင်းအချက်အလက် များ အသုံးပြုနိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊
- ပွင့်လင်းမြင်သာမှုရှိသော မြေအသုံးချစီမံအုပ်ချုပ်မှု ချမှတ်ဆောင်ရွက် နိုင်ရန်၊
- ပြည်သူလူထုထံသို့ မြေအသုံးချမှု နှင့် ဆက်စပ်နေသည့် မြေပုံနှင့် ကိန်းဂဏန်း များ ဖြန့်ဝေနိုင်ရန်၊


# OneMap Myanmar တွင်ပါဝင်သည့် အဓိကအခန်းကဏ္ဍများ

- တိကျခိုင်မာသော Spatial Data/Information များ ရရှိရန် စုစည်းဆောင်ရွက်ခြင်း၊
- ပြန်လည်ဖြန့်ဝေရန် Open-access Data Platform တည်ထောင်ခြင်း၊
- စီမံကိန်းအကောင်အထည် ဖော်မည့် သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊
- OneMap Myanmar စီမံကိန်း မှ ရရှိမည့် Spatial Data/Information များ အသုံးပြု၍ Knowledge Products for Policy Making ပြုလုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊
- Spatial Data/Information အား ပြန်လည်အသုံးပြုမည့်သူများ၏ သိရှိနားလည်မှုမြှင့်တင်ခြင်း လုပ်ငန်းများလည်း ပါဝင် မည်ဖြစ်ပါသည်။


# OneMap Myanmar ဆိုင်ရာအချက်အလက်များ

- **၂၀၁၄ ခုနှစ်၊ ဩဂုတ်လ** တွင် OneMap Myanmar Concept စတင်ခဲ့၊
- ဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့ပြီး ရလဒ်များနှင့် ဌာနဆိုင်ရာ အဖွဲ့ အစည်းများ ၏ နည်းပညာပိုင်းဆိုင်ရာ နှင့် အခြားလိုအပ်မှုများ အခြေခံ ၍ OneMap Myanmar Design ကို စတင်ရေးဆွဲခဲ့၊
- OneMap Myanmar စီမံကိန်းစတင်ခြင်းအခမ်းအနားကို **(၂၅- ၆- ၂၀၁၅) ရက်နေ့**တွင်ကျင်းပပြုလုပ်ခဲ့၊
- မြေစီမံအုပ်ချုပ်မှုနှင့်ဆက်စပ်ပတ်သက်နေသောဌာနများ၊ အဖွဲ့အစည်းများ (၂၅ ဌာန )
- ဆွစ်ဇာလန်နိုင်ငံ၊ SDC ၏ထောက်ပံ့မှု၊ နည်းပညာပိုင်း ဆိုင်ရာ ကဏ္ဍ အတွက် Centre for Development and Environment (CDE), University of Bern
- MIMU နှင့် Servir Mekong အစီအစဉ်၊
- ဒေသခံမိတ်ဖက်အဖွဲ့အစည်းအဖြစ် Land Core Group မှဆောင်ရွက်
- အကျိုးသက်ဆိုင်သူများအားလုံး ပူးပေါင်းကူညီမှုရရှိရန်အတွက် ဆောင်ရွက်လျက်ရှိ

# OneMap Myanmar ဆောင်ရွက်မည့် အချိန်အပိုင်းအခြားအလိုက် အဆင့်များ



# OneMap Myanmar အုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံ



# OneMap Myanmar ဆောင်ရွက်ခြင်းဖြင့်ရရှိနိုင်မည့်အကျိုးကျေးဇူးများ

- ဌာနအသီးသီးမှဆောင်ရွက်နေကြသော နေရာဒေသ နှင့် သက်ဆိုင် သော သတင်းအချက်အလက်များ (Spatial Data)ကို တစ်နေရာ တည်း တွင် စံစနစ်တစ်ခု ဖြင့် စုစည်းထားရှိနိုင်ပြီး အင်တာနက် ကွန်ယက် မှတဆင့် ပြန်လည် ဖြန့်ဝေနိုင်မည့် အတွက် အချိန်၊ ငွေ၊ နှင့် လုပ်ငန်း အင်အား သက်သာနိုင်ခြင်း၊
- မြေပြင်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များအား Decision Makers/ Policy Markers များမှ အလွယ်တကူဆန်းစစ် သရုပ်ခွဲ နိုင်ခြင်း၊
- ပြည်သူလူထုမှလည်း မျှဝေအသုံးပြုနိုင်ခြင်း၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်တဖက်တလမ်းမှ အထောက်အကူပြုနိုင်ခြင်း။

ရည်ရွယ်ချက်နှင့်အညီ လုပ်ငန်းများအောင်မြင်စွာပြီးမြောက်စေရန်
ဆက်စပ်ပတ်သက်သူများ/အကျိုးသက်ဆိုင်သူများအားလုံး
၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု
သည်အရေးကြီးဆုံးဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။

## အထူးကျေးဇူးတင်ရှိပါသည်။